JUSTICE FOR MYANMAR

# လေကြောင်းတိုက်ခိုက်မှုများ ပြင်းထန်လာချိန်တွင် မြန်မာစစ်အုပ်စုက လေယာဉ်ဆီတင်သွင်းမှုများကို ဖုံးကွယ်ရန် ကုန်သွယ်မှုဆိုင်ရာ လိမ်လည်မှုများအသုံးပြုခဲ့ကြောင်း ဖော်ထုတ်တွေ့ရှိ

လူ့အသက်ပေါင်းများစွာ သေကြေပျက်စီးစေသော လေယာဉ်ဆီများကို မြန်မာနိုင်ငံသို့ တင်သွင်းမှုများအား ဖုံးကွယ်ရန်အတွက် မြန်မာစစ်အုပ်စုနှင့် ၎င်းတို့၏ဆက်နွယ်ကုမ္ပဏီများသည် ဒီဇယ်ဆီအဖြစ် ရည်ရွယ်ချက်ရှိရှိ ပုံမှားရိုက်ဖော်ပြခြင်း၊ ကုန်ပစ္စည်းအမျိုးအစား လွဲမှားသတ်မှတ်ခြင်းအပြင်၊ ကြားခံကုမ္ပဏီများ အသုံးပြုခြင်းများပြုလုပ်ခဲ့ကြောင်း Justice For Myanmar ၏ စုံစမ်းစစ်ဆေးမှုအသစ်တစ်ရပ်က ဖော်ထုတ်လိုက်သည်။

စုံစမ်းဖော်ထုတ်မှုအရ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလမှ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလအတွင်း စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၀၉.၅ သန်း တန်ဖိုးရှိ၊ စည်ပေါင်း ၈၄၃,၀၀၀ ကျော် ပါဝင်သော လောင်စာဆီတင်သွင်းမှု ၆ ကြိမ်၏ စာရွက်စာတမ်းများတွင် ကုန်သွယ်ရေးလိမ်လည်မှု ပုံစံတစ်ရပ်ကို စစ်ဆေးတွေ့ရှိခဲ့သည်။

စစ်အုပ်စု၏ အတုအယောင်ရွေးကောက်ပွဲ မကျင်းပမီကာလနှင့် တိုက်ဆိုင်နေသော ယင်းကာလအတွင်း စစ်အုပ်စုက လေကြောင်းတိုက်ခိုက်မှုများကို သိသိသာသာ တိုးမြှင့်လုပ်ဆောင်ခဲ့၍ အရပ်သားများ သေဆုံးခဲ့ပြီး လူအများအပြား အိုးအိမ်စွန့်ခွာ ထွက်ပြေးခဲ့ရသည်။

ကုလသမဂ္ဂလူ့အခွင့်အရေးရုံး၏ မှတ်တမ်းများအရ ၂၀၂၅ ခုနှစ်အတွင်း စစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှုများကြောင့် အရပ်သားသေဆုံးမှုသည် ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ၅၀ ရာခိုင်နှုန်းကျော် မြင့်တက်ခဲ့သည်။ ၂၀၂၅ ခုနှစ်အတွင်း စစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှုများကြောင့် အနည်းဆုံး အရပ်သားပြည်သူ ၉၈၂ ဦး သေဆုံးခဲ့ပြီး ၎င်းတို့အနက် ကလေး ၂၃၂ ဦး ပါဝင်သည်။ ယင်းကိန်းဂဏန်းသည် ယခင်လေးနှစ်အတွင်း စစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှုများကြောင့် သေဆုံးခဲ့သည့် ကလေးဦးရေ စုစုပေါင်းထက်ပင် ပိုမိုများပြားသည်။

လေယာဉ်ဆီ ဆက်လက်ထောက်ပံ့နေမှုသည် စစ်အုပ်စု၏ ပြင်းပြင်းထန်ထန် လုပ်ဆောင်လာသည့် လေကြောင်းအကြမ်းဖက်စစ်ဆင်ရေးကို ဆက်လက်လုပ်ဆောင်နိုင်စေပြီး၊ ယင်းစစ်ဆင်ရေးအတွင်း စစ်အုပ်စုသည် အရပ်သားပြည်သူများကို လုပ်ရိုးလုပ်စဉ်ကဲ့သို့ပင် သတ်ဖြတ်ခြင်း၊ စာသင်ကျောင်းများ၊ ဆေးရုံများ၊ ဘာသာရေးအဆောက်အအုံများနှင့် အရပ်သားနေအိမ်များ တိုက်ခိုက်ဖျက်ဆီးခြင်းများကို အပြစ်ပေးအရေးယူခံရမှု ကင်းလွတ်စွာဖြင့် ကျူးလွန်လျက်ရှိသည်။

Justice For Myanmar ၏ ကုန်သွယ်ရေးလိမ်လည်မှုဆိုင်ရာ တွေ့ရှိချက်များသည် စစ်အုပ်စု၏ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ပေါက်ကြားလာသော အချက်အလက်များထဲမှ သွင်းကုန်ခွင့်ပြုမိန့်များ၊ စစ်အုပ်စု၏ နိုင်ငံခြားငွေကြေးကြပ်ရေးကော်မတီ (FESC) ထံမှ လျှို့ဝှက်စာများ၊ ကုမ္ပဏီစာချုပ်များ၊ ငွေတောင်းခံလွှာများနှင့် ကုမ္ပဏီမှတ်ပုံတင်မှတ်တမ်းများကို စိစစ်လေ့လာမှုနှင့် စစ်အုပ်စု၏ လေယာဉ်ဆီ ထောက်ပံ့ရေးကွန်ရက်၊ လောင်စာဆီဈေးနှုန်းနှင့် သိပ်သည်းဆတို့ကို ခွဲခြမ်းစိတ်ဖြာမှုတို့အပေါ် အခြေခံထားသည်။

စာရွက်စာတမ်းများတွင် ဖော်ပြထားသော တင်သွင်းသူများမှာ မြန်မာကုမ္ပဏီ ၂ ခုဖြစ်သည့် Dynamic Wave နှင့် PP Petroleum တို့ဖြစ်သည်။ သို့သော် စာရွက်စာတမ်းများအရ အဆိုပါတင်သွင်းမှုများ၏ နောက်ကွယ်ရှိ အမှန်တကယ်ဝယ်ယူသူမှာ National Energy Prime Aviation Services Company Limited (NEPAS) ဖြစ်ကြောင်း တွေ့ရသည်။

NEPAS သည် စစ်အုပ်စုက တရားမဝင် ထိန်းချုပ်ထားသည့် နိုင်ငံပိုင် မြန်မာ့ရေနံဓါတုဗေဒလုပ်ငန်း (MPE) နှင့် ၎င်း၏ ပုဂ္ဂလိကမိတ်ဖက်ကုမ္ပဏီအုပ်စု Asia Sun group တို့အကြား ဖွဲ့စည်းထားသည့် ဖက်စပ်ကုမ္ပဏီ ဖြစ်သည်။ Asia Sun group ကို Myan Oil ဟုလူသိများပြီး Shoon ဟုလည်းသိကြသည်။

မြန်မာစစ်တပ်ထံ လေယာဉ်ဆီရောင်းချထောက်ပံ့ရာတွင် NEPAS နှင့် MPE တို့၏ အခန်းကဏ္ဍကို အထောက်အထားများစွာဖြင့် ဖော်ထုတ်ထားပြီးဖြစ်သော်လည်း ယင်းလုပ်ငန်းများအား ဒဏ်ခတ်ပိတ်ဆို့မှုများ ချမှတ်ထားခြင်း မရှိသေးပေ။ အမေရိကန်၊ ယူကေ၊ အီးယူ၊ ကနေဒါနှင့် ဩစတြေးလျတို့၏ ဒဏ်ခတ်

ပိတ်ဆို့မှုများသည် Asia Sun အုပ်စုဝင် ကုမ္ပဏီနှင့် လူပုဂ္ဂိုလ် အရေအတွက် အနည်းငယ်ကိုသာ ဦးတည်ခဲ့သည်။

Asia Sun group သည် MPE နှင့်အတူ လေယာဉ်ဆီထောက်ပံ့ရေးကွင်းဆက်ကို လွှမ်းမိုးထားသည့် ကုမ္ပဏီများကွန်ရက်တစ်ခု ဖြစ်သည်။ ၎င်းတို့၏လုပ်ငန်းများ ပထမဆုံးအကြိမ် ပေါ်ပေါက်လာခဲ့ချိန် ၂၀၂၂ ခုနှစ်မှစ၍ ကုမ္ပဏီကွန်ရက်သည် တိုးချဲ့လုပ်ဆောင်လာခဲ့ပြီး၊ ပိတ်ဆို့အရေးယူမှုများနှင့် စောင့်ကြည့်စစ်ဆေးမှုများကို တုံ့ပြန်သည့်အနေဖြင့် ကြားခံကုမ္ပဏီများနှင့် အမည်ခံကုမ္ပဏီ (shell companies) အများအပြားကို တည်ထောင်ထားရှိခဲ့သည်။ PP Petroleum ကုမ္ပဏီသည် Asia Sun group ၏ အစိတ်အပိုင်းတစ်ခု ဖြစ်သည်။

စာချုပ်များအရ လေယာဉ်ဆီရောင်းချသူများတွင် ယခင်ကဖော်ထုတ်ခံထားရသည့် ထိုင်းကုမ္ပဏီ Tawan-Oil Tradingနှင့် UAE အခြေစိုက် NEC Trading တို့ပါဝင်ပြီး၊ လောင်စာဆီ၏မူရင်းနိုင်ငံကို တောင်အာဖရိကနှင့် စင်ကာပူဟု ဖော်ပြထားသည်။ Tawan-Oil Trading နှင့် NEC Trading တို့ကိုလည်း Asia Sun group ကပင် ထိန်းချုပ်ထားသည်ဟု Justice For Myanmar က သုံးသပ်သည်။

အချက်အလက်ပေါက်ကြားမှုမှ ရရှိသောစာရွက်စာတမ်းများအရ ကုန်သွယ်ရေးလိမ်လည်မှုအစီအစဉ်ကို စစ်အုပ်စု၏ထိပ်ပိုင်း အာဏာပိုင်အဖွဲ့အစည်းအဆင့်မှ ကြီးကြပ်ခဲ့ကြောင်း ဖော်ပြနေသည်။

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလအတွင်း FESC က ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်တစ်ရပ်တွင် "လေယာဉ်ဆီ" အစား "ဒီဇယ်ဆီ (HSD)" ဟူသော ကုန်ပစ္စည်းဖော်ပြချက်ဖြင့် NEPAS "ကိုယ်စား" Dynamic Wave အမည်ဖြင့် သွင်းကုန်ခွင့်ပြုမိန့် ထုတ်ပေးရန် ကော်မတီက အတည်ပြုပေးခဲ့သည်။

နိုင်ငံခြားသုံးငွေကြေးကြပ်မှုကော်မတီ (FESC)တွင် ထိပ်ပိုင်းစစ်အုပ်စုအဖွဲ့ဝင် ခြောက်ဦးပါဝင်သည်။ ၎င်းတို့မှာ စစ်အုပ်စုခန့် ဒုသမ္မတတစ်ဦး၊ ရင်းနှီးမြှုပ်နှံမှု၊ ဘဏ္ဍာရေးနှင့် ကုန်သွယ်ရေးဆိုင်ရာများတွင် တာဝန်ယူထားသည့် စစ်အုပ်စုဝန်ကြီး ၃ ဦး၊ စစ်အုပ်စု၏ စာရင်းစစ်ချုပ်နှင့် စစ်အုပ်စုထိန်းချုပ်ထားသည့် ဗဟိုဘဏ်ဥက္ကဋ္ဌ တို့ ဖြစ်သည်။

၂၀၂၄ ခုနှစ်၊ မေလမှစတင်၍ FESC ကို ညိုစောက ဥက္ကဌအဖြစ် ဦးဆောင်နေသည်။ ညိုစောသည် စစ်အုပ်စု၏ "ဒုတိယသမ္မတ-၁"အဖြစ် တာဝန်ယူထားသူဖြစ်ပြီး၊ ယခင်က စစ်ထောက်ချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သူလည်းဖြစ်ကာ၊ စစ်တပ်၏ ကျယ်ပြန့်လှသော စီးပွားရေးအကျိုးစီးပွားများကို ကြီးကြပ်ရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ခဲ့သူဖြစ်သည်။

ညိုစောသည် နာမည်ဆိုးဖြင့် ကျော်ကြားသော်လည်း ၎င်းအား အီးယူနှင့် ကနေဒါတို့ကသာ ဒဏ်ခတ်ပိတ်ဆို့မှုများ ချမှတ်ထားသည်။ သွင်းကုန်ခွင့်ပြုမိန့်များ ထုတ်ပေးသည့် ဝန်ကြီးဌာနကို ဦးဆောင်နေသည့် စစ်အုပ်စု၏ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ထွန်းအုံ ကိုမူ မည်သည့်နိုင်ငံ သို့မဟုတ် အဖွဲ့အစည်းကမျှ ဒဏ်ခတ်ပိတ်ဆို့ထားခြင်း မရှိသေးပေ။

အစိုးရများအနေဖြင့် ဒဏ်ခတ်ပိတ်ဆို့မှုများကို ပိုမိုခိုင်မာအားကောင်းစေ၍ ဟာကွက်များကို ပိတ်ပင်ရေး၊ စစ်အုပ်စု၏ ပြစ်ဒဏ်ကင်းလွတ်ခွင့် ရရှိနေမှုကို အဆုံးသတ်ရေးနှင့် ကမ္ဘာ့ဈေးကွက်အတွင်း စစ်အုပ်စု၏ လေယာဉ်ဆီရယူနိုင်စွမ်းကို ပိတ်ဆို့တားမြစ်ရေးတို့အား မဖြစ်မနေ အရေးတကြီး လုပ်ဆောင်ရမည်ဖြစ်သည်။

အမေရိကန်ပြည်ထောင်စု၊ ယူကေ၊ အီးယူ၊ ကနေဒါနှင့် ဩစတြေးလျတို့အနေဖြင့် စစ်အုပ်စု၏ အမည်နှင့် ဖွဲ့စည်းပုံ ပြောင်းလဲပြီးနောက်တွင်လည်း စစ်အုပ်စုနှင့် ၎င်း၏အဖွဲ့ဝင်များကို ဆက်လက်ဒဏ်ခတ်ပိတ်ဆို့နိုင်ရန်အတွက် အရေးယူမှုများကို ပြင်ဆင်တိုးချဲ့ရန် Justice For Myanmar က တောင်းဆိုသည်။ ထို့အပြင် MPE၊ NEPAS နှင့် လေယာဉ်ဆီထောက်ပံ့ရေး ကွင်းဆက်တစ်ခုလုံးကို ဒဏ်ခတ်ပိတ်ဆို့မှုများအတွင်း ထည့်သွင်းရန်နှင့် လက်ရှိ ကနေဒါနိုင်ငံ တစ်ခုတည်းကသာ လုပ်ဆောင်ထားသည့် မြန်မာနိုင်ငံသို့ လေယာဉ်ဆီတင်ပို့မှု ပိတ်ပင်တားမြစ်ချက်ကို လိုက်ပါဆောင်ရွက်ကြရန်အတွက်လည်း တောင်းဆိုသည်။

စင်ကာပူနှင့် ထိုင်းအာဏာပိုင်များအနေဖြင့် စစ်အုပ်စု၊ Asia Sun group နှင့် ၎င်းတို့မိတ်ဖက်များ၏ အကောက်ခွန်ဆိုင်ရာလိမ်လည်မှုများအပြင်၊ ပြည်တွင်းဥပဒေ ဆက်စပ်ချိုးဖောက်မှုများ ရှိ၊ မရှိ အပေါ်တွင်ပါ စုံစမ်းစစ်ဆေးသင့်သည်။

စင်ကာပူနှင့် ထိုင်းနိုင်ငံတို့သည် ၎င်းတို့၏နိုင်ငံအတွင်းရှိ ကုမ္ပဏီ များနှင့် လူပုဂ္ဂိုလ်များအား ပြည်တွင်းနှင့် နိုင်ငံတကာဥပဒေများကို လိုက်နာမှုရှိစေရန်နှင့် စစ်အုပ်စုထံ လေယာဉ်ဆီ ပံ့ပိုးပေးရာတွင် ၎င်းတို့၏ နယ်နမိတ်နှင့် ဘဏ်များကို အသုံးပြုခြင်းကို ရပ်တန့်ရန် အထူးတာဝန်ရှိသည်။

တောင်အာဖရိကအာဏာပိုင်များသည် တောင်အာဖရိကမှ မြန်မာနိုင်ငံသို့ လောင်စာဆီ တင်ပို့နေခြင်း ရှိ၊ မရှိနှင့် တောင်အာဖရိကကို လောင်စာဆီသယ်ယူရေးအစပြုရာနေရာအဖြစ် မှားယွင်းစွာ ဖော်ပြထားခြင်း ရှိ၊ မရှိ စုံစမ်းစစ်ဆေးရန်နှင့် ယူအေအီးအစိုးရအနေဖြင့်လည်း သက်ဆိုင်ရာ စည်းမျဉ်းစည်းကမ်း၊ ဘဏ္ဍာရေးနှင့် ကုန်သွယ်ရေးစနစ်များကို ထိခိုက်အားနည်းအောင် လုပ်ဆောင်နေသူများ၏ အန္တရာယ်မှ ၎င်းတို့၏ နယ်နမိတ်များနှင့် ဘဏ်စနစ်များကို ကာကွယ်ရန် အစီအမံများ ပိုမိုအားကောင်းလာစေရေး လုပ်ဆောင်ရန် Justice For Myanmar က တောင်းဆိုသည်။

အစိုးရများအနေဖြင့် စစ်အုပ်စုအား မှားယွင်းသော တရားဝင်မှု ပေးအပ်နေခြင်းကိုလည်း ရပ်တန့်ရမည်ဖြစ်သည်။ ထိုလုပ်ရပ်သည် မြန်မာ့အကျပ်အတည်းကို သက်ဆိုးရှည်စေမည်သာဖြစ်ပြီး၊ စစ်အုပ်စုအား ၎င်း၏ရာဇဝတ်မှုများကို ဆက်လက်ကျူးလွန်ရန် ပိုမိုရဲတင်းလာစေမည်လည်းဖြစ်သည်။

**Justice For Myanmar ပြောရေးဆိုခွင့်ရှိသူ မရတနာမောင်က** “တရားမဝင်မြန်မာစစ်အုပ်စုက နိုင်ငံတကာရာဇဝတ်မှုတွေနဲ့ နိုင်ငံဖြတ်ကျော်ရာဇဝတ်မှုတွေကို ပြစ်ဒဏ်ကင်းလွတ်စွာနဲ့ ကျူးလွန်နေတဲ့ ရာဇဝတ်ဂိုဏ်းတစ်ခု ဖြစ်ပါတယ်။

စစ်အုပ်စုဟာ မြန်မာပြည်သူတွေအပေါ် အကြမ်းဖက်စစ်ဆင်ရေး တိုးချဲ့ဆင်နွှဲဖို့ လေယာဉ်ဆီကို အားထားနေရတာလည်းဖြစ်ပါတယ်။ လေယာဉ်ဆီက စစ်အုပ်စုအတွက် စာသင်ခန်းထဲက ကလေးငယ်တွေကို သတ်ဖြတ်ဖို့၊ ဆေးရုံဆေးခန်းတွေကို ဖျက်ဆီးဖို့နဲ့ လူမှုအသိုင်းအဝိုင်းတွေကို အပြီးအပိုင်ပျက်စီးစေဖို့ အသုံးပြုတဲ့ မရဏလက်နက်တစ်ခု ဖြစ်ပါတယ်။

စစ်အုပ်စုက လေယာဉ်ဆီတင်သွင်းဖို့အတွက် ကုန်သွယ်ရေးလိမ်လည်မှု နည်းလမ်းတွေကို အသုံးပြုလာရခြင်းက ဒဏ်ခတ်ပိတ်ဆို့မှုတွေနဲ့ ပြည်သူလူထုရဲ့ ဖိအားတွေက ထိရောက်နေကြောင်း ပြသနေပါတယ်။

ဒါပေမဲ့ အစိုးများအနေနဲ့ ဒီမရဏကုန်သွယ်မှုကို ရပ်တန့်နိုင်ရေးအတွက် ဆက်လက်အရှိန်မြှင့်တင် ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

လက်ရှိဒဏ်ခတ်ပိတ်ဆို့မှုတွေက လုံလောက်မှုမရှိဘူးဆိုတာ ရှင်းလင်းနေပါတယ်။ အမေရိကန်၊ ယူကေ၊ အီးယူ၊ ကနေဒါနှင့် သြစတြေးလျနိုင်ငံတွေအနေနဲ့ စစ်အုပ်စုရဲ့ လေယာဉ်ဆီထောက်ပံ့ရေး ကွင်းဆက်တစ်ခု လုံးကို ပစ်မှတ်ထား ပေါင်းစပ်ညှိနှိုင်းပြီး ဒဏ်ခတ်ပိတ်ဆို့မှုတွေ ချမှတ်ရမှာ ဖြစ်ပါတယ်။ အစိုးရများအနေနဲ့ လည်း ကနေဒါရဲ့ ဦးဆောင်မှုနောက်ကိုလိုက်ပြီး မြန်မာနိုင်ငံကို လေယာဉ်ဆီတင်ပို့မှု ပိတ်ပင်ရမှာ ဖြစ်ပါ တယ်။

ထိုင်းနဲ့ စင်ကာပူတို့အနေနဲ့လည်း အခုထက်ပိုမိုလုပ်ဆောင်ရမှာဖြစ်ပြီး၊ Asia Sun group ကို မိမိတို့ နယ်နမိတ်အတွင်း လုပ်ငန်းတွေဆက်လက်လုပ်ကိုင်နေတာကို တားဆီးပိတ်ပင်ရမှာဖြစ်သလို၊ စစ်အုပ်စုရဲ့ ကုန်သွယ်ရေးလိမ်လည်မှုကို စုံစမ်းစစ်ဆေးရမှာလည်း ဖြစ်ပါတယ်။ အစိုးရများအနေနဲ့ စစ်အုပ်စုက အရပ်သားပြည်သူတွေကိုသတ်ဖြတ်နေမှုတွေ ရပ်တန့်ဖို့၊ တရားမဝင်စစ်အုပ်စုကို မှားယွင်းတဲ့ တရားဝင်မှုမျိုး ပေးအပ်ခြင်းအားဖြင့် အားပေးကူညီနေတာတွေကို ရပ်တန့်ဖို့နဲ့ စစ်မှန်တဲ့ တာဝန်ယူမှု၊ တာဝန်ခံမှုရှိစေရေး ဆောင်ရွက်ရန် လုပ်ဆောင်ကြရမှာ ဖြစ်ပါတယ်" ဟု ပြောကြားခဲ့သည်။

## ပိုမိုသိရှိရန်

လေယာဉ်ဆီတင်သွင်းမှု ခွင့်ပြုရာတွင် စစ်အုပ်စုကျူးလွန်ခဲ့သော ကုန်သွယ်ရေးလိမ်လည်မှုအကြောင်း ဖော်ထုတ်ထားသည့် Justice For Myanmar ၏ စုံစမ်းဖော်ထုတ်မှုကို ယခုနေရာ တွင် ဖတ်ရှုပါ။

**Justice For Myanmar** သည် သုတေသနပြုလေ့လာခြင်း၊ ဒေတာအချက်အလက်များကို ပုံဖော်ခြင်းနှင့် အစီရင်ခံခြင်းတို့ဖြင့် ရက်စက်ကြမ်းကြုတ်မှု၊ စစ်ရာဇဝတ်မှုများနှင့် ကျယ်ပြောလှသည့် အတိဒုက္ခရောက်မှု များမှ အကျိုးအမြတ်ရရှိနေသော ကုမ္ပဏီများနှင့် ရာဇဝတ်ကောင်များကို ဖော်ထုတ်ရန်အတွက် ဆောင်ရွက် နေသည့် လျှို့ဝှက်တက်ကြွလှုပ်ရှားသူအုပ်စုဖြစ်သည်။

**media@justiceformyanmar.org** | **https://www.justiceformyanmar.org/**

**https://bsky.app/profile/justiceformyanmar.org** |

**https://www.facebook.com/justiceformyanmar.org/**